# The Measures of Length Act

## အရှည်တိုင်းတွာခြင်းဆိုင်ရာ အက်ဥပဒေ

## ၁၈၈၉ ခုနှစ် အိန္ဒိယ အက်ဥပဒေအမှတ် ၂

## ၁၈၈၉ ခုနှစ်၊ ဇွန်လ ၁၅ ရက်

၁။ ပယ်ဖျက်ထားသည်။

၂။ ယူနိုင်တက်ကင်းဒမ်း၏ အင်ပါယာဆိုင်ရာ 'စံကိုက်'သည် ပြည်ထောင်စု မြန်မာနိုင်ငံတွင် အရှည်အတိုင်း အထွာဆိုင်ရာ တရားဝင်စံ ဖြစ်ရမည်ဖြစ်ပြီး စံကိုက်ဟု ခေါ်တွင်စေရမည်။

၃။ ပြည်ထောင်စု နိုင်ငံတော်သမ္မတက အတည်ပြုထားသော ယူနိုက်တက်ကင်းဒမ်း၏ အရှည်တိုင်းထွာရာတွင် သတ်မှတ်ထားသော အင်ပါယာဆိုင်ရာ စံကိုက်၏ မိတ္တူ (မူပွား) တစ်ရပ်အား နိုင်ငံတော်သမ္မတက သတ်မှတ်ထားသော နေရာတွင် ထိန်းသိမ်းထားရှိရမည်ဖြစ်ပြီး စံကိုက်အဖြစ် အရှည်တိုင်းထွာရာတွင် စံဖြစ်စေရမည်။

နိုင်ငံတော် သမ္မတက အဆိုပါ မူပွားအား အတည်မပြုမီအထိ အိန္ဒိယနိုင်ငံတွင် တရားဝင်အဖြစ် သတ်မှတ်ထားသော ကာလကတ္တားမြို့တွင် ထားရှိသည့် မူပွားသည် ဤပုဒ်မအရ တရားဝင်စံ ဖြစ်စေရမည်။

၄။ 'စံကိုက်'၏ သုံးပုံတစ်ပုံသည် 'စံပေ' အဖြစ် ခေါ်တွင်စေရမည် ဖြစ်ပြီး စံကိုက်၏ သုံးဆယ့်ခြောက်ပုံ တစ်ပုံအား 'စံလက်မ' အဖြစ် ခေါ်တွင်စေရမည်။

၅။ ပြည်ထောင်စုနိုင်ငံတော် သမ္မတ သို့မဟုတ် အိန္ဒိယ သို့မဟုတ် ပါကစ္စတန်ရှိ အစိုးရ တစ်ရပ်ရပ်၏

အခွင့်အာဏာအရ ပြုလုပ်သော အသိအမှတ်ပြု လက်မှတ်/စာတမ်း တစ်စုံတစ်ရာတွင် ခပ်နှိပ်ထားသော သို့မဟုတ် တင်ထားသော အရှည်အတိုင်းအတွာ တစ်ရပ်ရပ်တွင် ကိစ္စရပ်အသီးသီးအလိုက် စံကိုက် သို့မဟုတ် စံမေ သို့မဟုတ် စံလက်မ အဖြစ် အရှည်ကို တိုင်းတွာဖော်ပြထားပြီးပါက နိုင်ငံတော်သမ္မတ အမိန့်အရ ပြန်တမ်းတွင် ထုတ်ပြန်ထားချက်အရ အတိုင်းအတွာဆိုင်ရာ ကိစ္စအတွက် တာဝန်ယူ ကြီးကြပ်ရသော ပြည်သူ့ဝန်ထမ်း တစ်ဦးဦး သို့မဟုတ် အဆိုပါဝန်ထမ်း၏ အထွေထွေ သို့မဟုတ် အထူးကိုယ်စားလှယ် လွှဲအပ်မှုအရ ဆောင်ရွက်ရသူ တစ်ဦးဦးက မည်သည့်တရားရုံး ရှေ့တွင်မဆို ယင်းသို့ တိုင်းတွာဖော်ပြချက်ကို ထုတ်ဖော်တင်ပြလျှင် မမှန်ကန်ကြောင်း သက်သေပြသမှု မရှိပါက မှန်ကန်သည်ဟု မှတ်ယူရမည်။

၆။ အထက်ပုဒ်မတွင် ဖော်ပြထားသော အတိုင်းအတွာနှင့် စပ်လျဉ်း၍ ကြီးကြပ်စီမံမှုကို တာဝန်ယူရသော ပြည်သူ့ဝန်ထမ်းသည် မည်သည့်ပုဂ္ဂိုလ်ကိုမဆို သင့်လျော်သော အချိန်ကာလအလိုက် အခကြေးငွေမယူဘဲ အဆိုပါ အတိုင်းအတွာကို ဝင်ရောက်စစ်ဆေးခွင့် ပြုရမည်ဖြစ်ပြီး မည်သည့်တိုင်းတွာချက်ကိုမဆို အဆိုပါ ပုဂ္ဂိုလ်လက်ဝယ်တွင်ရှိသော အတိုင်းအတွာဖြင့် နှိုင်းယှဉ်စစ်ဆေးခွင့် ပြုရမည်။